INDIANA Family to Family
SUPPORT · CONNECT · ELEVATE

# Medicaid စည်းမျဉ်းခြွင်းချက်များ- Indiana ပြည်နယ်၏ မိသားစုထောက်ပံ့မှု စည်းမျဉ်းခြွင်းချက်နှင့် အသိုက်အဝန်းနှင့် ပေါင်းစည်းနေထိုင်ထူထောင်မှု စည်းမျဉ်းခြွင်းချက်များ

## Medicaid စည်းမျဉ်းခြွင်းချက်များ ဟူသည်မှာ အဘယ်နည်း။

စည်းမျဉ်းခြွင်းချက်များ ဟူသည်မှာ သတ်မှတ်လိုအပ်ချက်များနှင့် ပြည့်မီသူများအတွက် သင့်တော်ဆီလျော်၍ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရည်ရွယ်လုပ်ကိုင်နေသည့် ဖက်ဒရယ်ပြည်နယ်များအလိုက် အစိုးရရန်ပုံငွေနှင့် ထောက်ပံ့လည်ပတ်သော Medicaid အစီအစဉ်များ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ စည်းမျဉ်းခြွင်းချက်များသည် မသန်စွမ်း ကလေးသူငယ်များနှင့် အရွယ်ရောက်ပြီးသူများအနေဖြင့် ထောက်ပံ့ကူညီမှုနှင့် ဝန်ဆောင်မှုများကို ဆေးရုံ/အဖွဲ့အစည်းတွင် နေထိုင်ရန်မလိုအပ်ဘဲ နေအိမ်နှင့် အသိုက်အဝန်းတွင်း၌ပင် ရယူခံစားနိုင်စေရန် ရန်ပုံငွေထောက်ပံ့ပေးသော အစီအစဉ် ဖြစ်ပါသည်။ Indiana ပြည်နယ်တွင် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းခြွင်းချက်များ (Medicaid စည်းမျဉ်းခြွင်းချက်များ - A&D နှင့် TBI အချက်အလက်ပြဇယားကို ကြည့်ပါ) နှင့် (ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုများအတွက် ဝန်ဆောင်မှုအဖွဲ့အစည်း သို့မဟုတ် BDDS ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်သော) ဖွံ့ဖြိုးမှုဆိုင်ရာ နှင့်/သို့မဟုတ် ဦးနှောက်အာရုံကြောဆိုင်ရာ မသန်စွမ်းမှုများ ခံစားနေရသူများအတွက် စည်းမျဉ်းခြွင်းချက်များ အပါအဝင် နေအိမ်နှင့် အသိုက်အဝန်းအခြေပြု ဝန်ဆောင်မှုများ (HCBS) စည်းမျဉ်းခြွင်းချက် အစီအစဉ် အမျိုးမျိုးရှိပါသည်။ ICF/IID အဆင့် ဂရုစိုက်စောင့်ရှောက်မှုကို ခံယူရန်လိုအပ်သည့် လူပုဂ္ဂိုလ်များအတွက် ရယူနိုင်သည့် BDDS/Indiana Medicaid စည်းမျဉ်းခြွင်းချက် နှစ်မျိုးရှိကာ ၎င်းတို့မှာ **မိသားစုထောက်ပံ့မှု စည်းမျဉ်းခြွင်းချက် (FSW) နှင့် အသိုက်အဝန်းနှင့် ပေါင်းစည်းနေထိုင်ထူထောင်မှု (CIH) စည်းမျဉ်းခြွင်းချက်** ဖြစ်ပါသည်။

## သတ်မှတ်လိုအပ်ချက်ပြည့်မီမှု ရှိ၊ မရှိ မည်သို့ဆုံးဖြတ်သနည်း။

**FSW** သို့မဟုတ် **CIH** စည်းမျဉ်းခြွင်းချက်အတွက် သတ်မှတ်လိုအပ်ချက်ပြည့်မီရန် လူပုဂ္ဂိုလ်သည် (သေဆုံးသည့်အချိန်ထိ ခံစားရမည့်) ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှု သို့မဟုတ် ဆက်စပ်နေသည့် ကျန်းမာရေးချို့ယွင်းမှုကို အသက် 22 နှစ် မတိုင်မီ စတင်ခံစားရသူဖြစ်ရန် လိုအပ်ပြီး ထို့အပြင် ICF/IID အဆင့် ဂရုစိုက်စောင့်ရှောက်မှုဟု အမည်တပ်ခေါ်ဆိုသည့် ဦးနှောက်အာရုံကြောဆိုင်ရာ မသန်စွမ်းသူများအတွက် အလယ်အလတ်အဆင့် ဂရုစိုက်စောင့်ရှောက်မှုပေးသည့် ဝန်ဆောင်မှုအဖွဲ့အစည်းသို့ ပို့ဆောင်နိုင်ရန် သတ်မှတ်ထားသော ဂရုစိုက်စောင့်ရှောက်မှု လိုအပ်ချက်အဆင့်ကိုလည်း ပြည့်မီရန် လိုအပ်သည်။ ICF/IID အဆင့် ဂရုစိုက်စောင့်ရှောက်မှု ဟူသည်မှာ လူပုဂ္ဂိုလ်သည် ရှင်သန်နေထိုင်မှု၏ အဓိကနယ်ပယ် ခြောက်ခုဖြစ်သော မိမိကိုယ်ကိုယ် ဂရုစိုက်စောင့်ရှောက်ခြင်း၊ သင်ယူလေ့လာခြင်း၊ မိမိကိုယ်ကိုယ် ညွှန်ကြားဆုံးဖြတ်ခြင်း၊



မွမ်းမံပြင်ဆင်ချက်
11.2022

အမှီအခိုကင်း သီးခြားရပ်တည်နေထိုင်နိုင်စွမ်း ရှိခြင်း၊ ဘာသာစကားကို နားလည်ပြီး အသုံးပြုနိုင်ခြင်း၊ နှင့် လှုပ်ရှားသွားလာခြင်းတို့တွင် အနည်းဆုံး သုံးခုကို လုပ်ဆောင်ရာ၌ သိသာထင်ရှားစွာ ထိခိုက်ကန့်သတ်ခံထားရသည့် အခြေအနေကို ရည်ညွှန်းဆိုလိုခြင်း ဖြစ်သည်။

လျှောက်ထားသူသည် ပြည်နယ်အစိုးရက ဖွင့်ဆိုသတ်မှတ်ထားသည့် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှု (DD) လိုအပ်ချက် ပြည့်မီခြင်း ရှိ၊ မရှိ ကို ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုများအတွက် ဝန်ဆောင်မှုအဖွဲ့အစည်း (BDDS) ဒေသန္တရရုံးက ဆုံးဖြတ်သည်။ DD လိုအပ်ချက် ပြည့်မီပါက ICF/IID အဆင့် ဂရုစိုက်စောင့်ရှောက်မှု စည်းမျဉ်းခွင်းချက်များအတွက် လိုအပ်ချက်ပြည့်မီခြင်း ရှိ၊ မရှိကိုလည်း ဒေသန္တရရုံးက ဆုံးဖြတ်သည်။ ICF/IID အဆင့် ဂရုစိုက်စောင့်ရှောက်မှုအတွက် ဆုံးဖြတ်ရာတွင် ဆရာဝန်က စစ်ဆေးဖြည့်သွင်းထားသည့် ရောဂါစစ်ဆေးဖော်ထုတ် အတည်ပြုလွှာ၊ ဂရုစိုက်စောင့်ရှောက်မှုအဆင့် စစ်ဆေးဆုံးဖြတ်မှု ပြီးမြောက်ချက်၊ နှင့် ပြည်နယ်အစိုးရကစီစဉ်ပေးအပ်သည့် DD ဝန်ဆောင်မှုများအတွက် လိုအပ်ချက်ပြည့်မီမှု ရှိ၊ မရှိ ဆုံးဖြတ်ရန်အသုံးပြုသော စာရွက်စာတမ်းများ (၎င်းတွင် IEP အစရှိသည်တို့ ပါဝင်နိုင်သည်) အပေါ် အခြေခံ၍ ဆုံးဖြတ်သည်။ လိုအပ်ပါက လျှောက်ထားသူကို အကဲဖြတ်စစ်ဆေးခြင်း ဆောင်ရွက်ရန်လည်း BDDS က တောင်းဆိုနိုင်သည်။

ထို့အပြင် **CIH** စည်းမျဉ်းခွင်းချက်သည် လိုအပ်ချက်အခြေပြု စည်းမျဉ်းခွင်းချက်ဖြစ်ပြီး ဆိုလိုရင်းမှာ လျှောက်ထားသူလူပုဂ္ဂိုလ်သည် ICF/IID အဆင့် ဂရုစိုက်စောင့်ရှောက်မှု သတ်မှတ်ချက်ကိုသာမက အသက်အရွယ်ကြီးရင့်ခြင်း သို့မဟုတ် ခေါ်ယူနေထိုင်စေ၍ ဂရုစိုက်စောင့်ရှောက်မှုပေးသည့် ဝန်ဆောင်မှုအဖွဲ့အစည်းမှ ပြောင်းလာခြင်း သို့မဟုတ် အဓိက ဂရုစိုက်စောင့်ရှောက်မှုပေးသူသည် သေဆုံးသွားခြင်း သို့မဟုတ် အသက်အရွယ်ကြီးရင့်လာခြင်းကဲ့သို့ အရေးပေါ်အခြေအနေ သတ်မှတ်ချက်ကို ပြည့်မီခြင်း၊ ညှဉ်းပန်းခံရကြောင်း သို့မဟုတ် လျစ်လျူရှုခံရကြောင်း အထောက်အထား၊ နှင့် ကျန်းမာရေး သို့မဟုတ် ဘေးကင်းလုံခြုံရေးဆိုင်ရာ အထူးအန္တရာယ်ဖြစ်နိုင်ခြေ ရှိကြောင်း အထောက်အထား အပါအဝင် အခြားအချက်များလည်း ပါဝင်သည့် ဦးစားပေးမှုအဆင့် သတ်မှတ်လိုအပ်ချက်ကိုလည်း ပြည့်မီရမည် ဖြစ်သည်။

စည်းမျဉ်းခွင်းချက် လျှောက်ထားသော အသက် 18 နှစ်အောက် ကလေးသူငယ်အတွက် Medicaid သတ်မှတ်လိုအပ်ချက် ပြည့်မီမှု ရှိ၊ မရှိ ဆုံးဖြတ်ရာတွင် ကလေးသူငယ်၏

ဝင်ငွေ/ပိုင်ဆိုင်မှုကိုသာ ထည့်သွင်းစဉ်းစားသည် (မိဘများ/အိမ်ထောင်မိသားစု၏ ဝင်ငွေ သို့မဟုတ် ပိုင်ဆိုင်မှုကို ထည့်သွင်းစဉ်းစားခြင်း မပြုပါ)။ စည်းမျဉ်းခြွင်းချက် ဝန်ဆောင်မှုများကို စတင်ဆောင်ရွက်ခြင်းမပြုမီ ကလေးသူငယ်သည် Medicaid အတွက် အတည်ပြုချက်ကို လက်ခံရရှိပြီးဖြစ်ရန် လိုအပ်သည်။

**စည်းမျဉ်းခြွင်းချက် လျှောက်ထားခြင်းကို မည်ကဲ့သို့ ဆောင်ရွက်နိုင်သနည်း။**

မိမိ၏ကလေးသည် ဦးနှောက်အာရုံကြောဆိုင်ရာ/ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှု ခံစားနေရပါက BDDS ဒေသန္တရရုံးကို ဖုန်းခေါ်ဆို၍ ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှု ဝန်ဆောင်မှုများအတွက် လျှောက်လွှာကို တောင်းခံ၍ စည်းမျဉ်းခြွင်းချက် ဝန်ဆောင်မှုများကို ရယူရန် လျှောက်ထားနိုင်ပါသည်။ ပြည်နယ်မြေပုံကို (http://www.in.gov/fssa/ddrs/4088.htm) ၌ ကြည့်ရှု၍ဖြစ်စေ 1- 800-545-7763 ကို ဖုန်းခေါ်ဆို၍ဖြစ်စေ ဒေသန္တရရုံးတည်နေရာကို စုံစမ်းသိရှိနိုင်ပါသည်။ ဤလင့်ခ်မှတစ်ဆင့်လည်း စည်းမျဉ်းခြွင်းချက် လျှောက်လွှာများကို အွန်လိုင်းမှ ရယူနိုင်ပါသည် - http://www.in.gov/fssa/ddrs/3349.htm.

**FSW** နှင့် BDDS ဝန်ဆောင်မှုများ အားလုံးအတွက် လျှောက်ထားမှုကို အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်ရန် BDDS Gateway ကို အသုံးပြုနိုင်ပါသည် (လျှောက်လွှာဖြည့်သွင်းခြင်းနှင့် တင်ပြခြင်း နှစ်မျိုးလုံးကို ဆောင်ရွက်နိုင်သည်) – https://bddsgateway.fssa.in.gov/ အွန်လိုင်းလျှောက်လွှာနှင့် စာရွက်လျှောက်လွှာတွင် ဖြည့်သွင်းရန်တောင်းခံထားသည့် အချက်အလက်များသည် တူညီပါသည်။ ရောဂါစစ်ဆေးဖော်ထုတ် အတည်ပြုလွှာကို ဆရာဝန်တစ်ဦးက သီးခြားဖြည့်သွင်းရမည်ဖြစ်ပြီး BDDS ဒေသန္တရရုံးသို့ အီးမေးလ်မှဖြစ်စေ စာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။

**ဦးစားပေးမှုအဆင့် သတ်မှတ်လိုအပ်ချက် -**

**FSW** စည်းမျဉ်းခြွင်းချက်အတွက် လျှောက်ထားမှုတွင် **CIH** စည်းမျဉ်းခြွင်းချက်အတွက် ဦးစားပေးမှုအဆင့် သတ်မှတ်လိုအပ်ချက်များအပြင် အခြားအပိုဆောင်းအချက်အနည်းငယ် ပါဝင်ပါသည်။ **FSW** အတွက် သတ်မှတ်ချက်များတွင် (အသက် 18-24 နှစ်ကြား) သတ်မှတ်လိုအပ်ချက် ပြည့်မီသူများအနေဖြင့် ကျောင်းမှ နုတ်ထွက်ထားပါက ဦးစားပေးမှု ရရှိမည်။ နောက်အချက်မှာ စစ်ဘက်ဝန်ထမ်းမိသားစုများမှ ကလေးသူငယ်များအတွက် ဦးစားပေးမှု ရရှိမည်။ လျှောက်ထားသူသည် ဦးစားပေးမှုအဆင့် သတ်မှတ်လိုအပ်ချက် ပြည့်မီမှု

ရှိ၊ မရှိ ဆုံးဖြတ်ရန်အတွက် BDDS ဒေသန္တရုံးသည် လျှောက်ထားသူနှင့်အတူတကွ ဆောင်ရွက်မည်ဖြစ်သည်။

**သတ်မှတ်လိုအပ်ချက် ယာယီပြည့်မီမှု -**

စည်းမျဉ်းခြွင်းချက် လျှောက်လွှာကို တင်ပြပြီးသည်နှင့်တစ်ပြိုင်နက် လျှောက်ထားသူသည် စည်းမျဉ်းခြွင်းချက်အတွက် စောင့်ဆိုင်းစာရင်းဝင်အဖြစ် သို့မဟုတ် "သတ်မှတ်လိုအပ်ချက် ယာယီ ပြည့်မီသူ" အဖြစ် သတ်မှတ်ခံရသည်။ လျှောက်ထားသူသည် မည်သည့်အသက်အရွယ်ရှိသည်ဖြစ်စေ **FSW** စည်းမျဉ်းခြွင်းချက်အတွက် ဝန်ဆောင်မှုများကို လျှောက်ထားနိုင်ပြီး စောင့်ဆိုင်းစာရင်းဝင်အဖြစ် သတ်မှတ်ခံရနိုင်သည်။

လက်ရှိအချိန်တွင် **FSW** ဝန်ဆောင်မှုများကို လျှောက်လွှာတင်သည့်ရက်စွဲအပေါ် အခြေခံသည့် စောင့်ဆိုင်းစာရင်းဖြင့် စီစစ်ဆောင်ရွက်နေခြင်းဖြစ်သောကြောင့် DDRS က ခွင့်ပြုချက်ပေးထားပါက မိသားစုများအနေဖြင့် ကလေးသည် မည်သည့်အသက်အရွယ်ရှိသည်ဖြစ်စေ စည်းမျဉ်းခြွင်းချက်ကို လိုအပ်မည်ဟု ယူဆသည်နှင့်တစ်ပြိုင်နက် စည်းမျဉ်းခြွင်းချက် ဝန်ဆောင်မှုများအတွက် လျှောက်ထားရန် အကြံပြုပါသည်။

**စောင့်ဆိုင်းစာရင်းမှ ပယ်ဖျက်မခံရရန် မည်သည်တို့ဆောင်ရွက်ရမည်နည်း။**

ဖုန်းနံပါတ် သို့မဟုတ် လိပ်စာ အပါအဝင် ဆက်သွယ်ရန်အချက်အလက် အပြောင်းအလဲရှိတိုင်း BDDS ရုံးကို ဆက်သွယ်အကြောင်းကြားရန် လိုအပ်ပါသည်။ BDDS ရုံးကို နှစ်စဉ်ဆက်သွယ်၍ ဆက်သွယ်ရန်အချက်အလက် အတည်ပြုခြင်းကို ဆောင်ရွက်ရန် အကြံပြုလိုပါသည်။ BDDS စောင့်ဆိုင်းစာရင်း ဝက်ဘ်ပေါ်တယ် (http://www.in.gov/fssa/ddrs/4328.htm) တွင် မိမိ၏အချက်အလက်များ မှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးနိုင်ပါသည်။

**မည်သည့်စာရွက်စာတမ်းများကို သိမ်းဆည်းထားရန် လိုအပ်သနည်း။**

ရက်စွဲရေးထိုးထားသည့် စည်းမျဉ်းခြွင်းချက် လျှောက်လွှာမိတ္တူနှင့် BDDS ရုံးနှင့် ပြောဆိုဆက်သွယ်ထားသည့် အခြား ဆက်သွယ်မှုမှတ်တမ်းများ (ဖုန်းဖြင့်စကားပြောဆိုမှုများကို အချိန်၊ ရက်စွဲနှင့် အမည်များဖြင့် မှတ်စုထုတ်နုတ်ချက်များ) ကို ကိုယ်တိုင်သိမ်းဆည်းထားပါ။ ထို့အပြင် လျှောက်လွှာကို ပထမဆုံးအကြိမ် ပေးပို့ပြီးနောက်

လက်ခံရရှိကြောင်း အတည်ပြုစာထုတ်ပေးရန် တောင်းခံပါ။

## အခြား မည်သည့် အသိုက်အဝန်းအခြေပြု ဝန်ဆောင်မှုများ ရရှိနိုင်ပါသနည်း။

ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှု ခံစားနေရသူများအတွက် ပေးအပ်သော ဝန်ဆောင်မှုအမျိုးမျိုးနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်နှင့် လမ်းညွှန်များကို ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုများအတွက် ဝန်ဆောင်မှုအဖွဲ့အစည်း (BDDS) ဒေသန္တရရုံးတွင် ရယူနိုင်ပါသည်။ သတ်မှတ်လိုအပ်ချက် ပြည့်မီပြီး လျှောက်ထားရယူနိုင်မည့် အခြား အစီအစဉ်များနှင့် ဝန်ဆောင်မှုများ ရှိနိုင်ပါသည်။ Indiana ပြည်နယ်ရှိ နေအိမ်နှင့် အသိုက်အဝန်းအခြေပြု အခြား စည်းမျဉ်းခြွင်းချက် အမျိုးအစားများအကြောင်း သိရှိလိုပါက Indiana ပြည်နယ်၏ အသက်အရွယ်ကြီးရင့်ပြီး မသန်စွမ်းဖြစ်မှုနှင့် ဦးနှောက်ဒဏ်ရာ ရရှိမှုအတွက် စည်းမျဉ်းခြွင်းချက်များ အချက်အလက်ပြဇယားကို ဖတ်ရှုနိုင်ပါသည်။ လျှောက်ထားသူသည် တစ်ခုထက်ပိုသော စည်းမျဉ်းခြွင်းချက် အမျိုးအစားများတွင် သတ်မှတ်လိုအပ်ချက် ပြည့်မီနေနိုင်သော်လည်း တစ်ကြိမ်လျှင် စည်းမျဉ်းခြွင်းချက် အစီအစဉ် တစ်မျိုးတည်းကိုသာ ရယူခံစားခွင့် ရှိပါသည်။ သတ်မှတ်လိုအပ်ချက် ပြည့်မီနိုင်သည့် စည်းမျဉ်းခြွင်းချက်များ အားလုံးကို လျှောက်ထားပါ။

## ထပ်ဆောင်းသတင်းအချက်အလက်များ စုံစမ်းရယူနိုင်သည့် နေရာများ -

• ICF/IID စည်းမျဉ်းခြွင်းချက်များအတွက် လုပ်ငန်းစဉ်ကို BDDS ဒေသန္တရရုံးတွင် စတင်ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါစည်းမျဉ်းခြွင်းချက်များနှင့်စပ်လျဉ်းသည့် မေးခွန်းများကို ရုံးတွင် မေးမြန်းနိုင်ပါသည်။ ဒေသန္တရရုံးအကြောင်း စုံစမ်းရန်အတွက် 1-800-545-7763 ကို ဖုန်းခေါ်ဆိုနိုင်ပါသည်။

• မသန်စွမ်းမှုနှင့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ ဌာနခွဲ (DDRS) သည် မိသားစုနှင့် လူမှုဆိုင်ရာ ဝန်ဆောင်မှုများ စီမံရေးအဖွဲ့၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုများကို ခံစားနေရသူများအတွက် ICF/IID အဆင့် ဂရုစိုက်စောင့်ရှောက်မှု စည်းမျဉ်းခြွင်းချက်များနှင့် အခြား အသိုက်အဝန်းအခြေပြု ဝန်ဆောင်မှုများကို DDRS က အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ DDRS ဝက်ဘ်ဆိုက် - http://www.in.gov/fssa/2328.htm

INDIANA Family to Family
SUPPORT · CONNECT · ELEVATE

**အပိုဆောင်း အသိုက်အဝန်းဆိုင်ရာ အရင်းအမြစ်များ -**

• စည်းမျဉ်းခြွင်းချက်များနှင့်စပ်လျဉ်းသည့် ဥပဒေရေးရာနှင့် စီမံအုပ်ချုပ်မှုရေးရာ ကြိုးပမ်းအားထုတ်မှုများအကြောင်း အချက်အလက်များကို http://www.arcind.org တွင် ဝင်ရောက်ကြည့်ရှု၍ သို့မဟုတ် 1-800-382-9100 သို့ ခေါ်ဆို၍ The Arc of Indiana ထံမှ ရယူနိုင်ပါသည်။

• www.inf2f.org တွင် ဝင်ရောက်ကြည့်ရှုနိုင်သည့် Indiana Family to Family (Indiana ပြည်နယ်၏ မိသားစုချင်း ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ဝေမျှအသိပေးခြင်း စင်တာ) တွင် စည်းမျဉ်းခြွင်းချက်များအကြောင်း မေးခွန်းများကို မေးမြန်းနိုင်ပြီး လျှောက်လွှာတင်ခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် အကူအညီလိုအပ်ပါကလည်း တောင်းခံနိုင်ပါသည်။ ထို့အပြင် ကျွမ်းကျင်ပညာရှင်များနှင့် မိသားစုများအနေဖြင့် ကျန်းမာရေးအာမခံ၊ အထူးပညာရေး၊ အသိုက်အဝန်းဆိုင်ရာ အရင်းအမြစ်များနှင့် ကုသစောင့်ရှောက်မှုပေးသော ကွန်းခိုရာများ အစရှိသည့် အကြောင်းအရာအမျိုးမျိုးအကြောင်း သတင်းအချက်အလက်နှင့် အရင်းအမြစ်များကိုလည်း အဆိုပါစင်တာတွင် ရယူနိုင်ပါသည်။ ဤအကူအညီဝန်ဆောင်မှုကို ပြည်နယ်အတွင်း မည်သည့်နေရာ၌မဆို အခမဲ့ရယူနိုင်ပါသည်။ 1-844-323-4636 ကို ဖုန်းခေါ်ဆို၍ မိသားစု အရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်သူနှင့် ဆွေးနွေးလိုကြောင်း အသိပေးပါ။



အစီအစဉ်များနှင့် စနစ်များသည် မကြာခဏ ပြောင်းလဲတတ်သည်။ နောက်ဆုံးပြောင်းလဲမှုနှင့်ကိုက်ညီသည့် သတင်းအချMedicaid Waivers: ဤအချက်အလက်ပြဇယားကို 2022 ခုနှစ်တွင် နောက်ဆုံးအကြိမ် မွမ်းမံပြင်ဆင်ထားပါသည်။ နောက်ဆုံးပြင်ဆင်ထားသည့် မူကို ရှာဖွေဖတ်ရှုနိုင်ရန် https://www.inf2f.org/fact-sheets.html ကို အသုံးပြုပါ။ ကျန်းမာရေးဆိုင်ရာ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ စီမံရေးအဖွဲ့ (HRSA) ၏ ရန်ပုံငွေထောက်ပံ့မှု တစ်စိတ်တစ်ပိုင်း ပါဝင်သည်။